# ကျောင်းပြင်ပမူလတန်းပညာရေး (ဒုတိယဆင့်) မြန်မာစာ သင်ကြားမှု

## e -learning Program

ဒေါ်အေးအေးညွန့်
လက်ထောက်ညွှန်ကြားရေးမှူး(သင်ရိုး)
ပညာရေးသုတေသန၊ စီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန

# ကျောင်းပြင်ပမူလတန်းပညာရေး ဒုတိယဆင့်
# မြန်မာစာ (ဖတ်စာ) သင်ကြားမှု

| | | |
|---|---|---|
| (၁) အတန်း | ။ | ။ ဒုတိယဆင့် |
| (၂) ဘာသာ | ။ | ။ မြန်မာစာ |
| (၃) သင်ခန်းစာအမည် | ။ | ။ ပုဂလရီးသည် (ကဗျာ) |
| (၄) ရည်ရွယ်ချက် | ။ | ။ (၁) ကဗျာကိုအသံနေအသံထားမှန်ကန်စွာရွတ်ဆိုတတ်ရန်။ |
| | | (၂) ရုပ်ပုံနှင့်ကဗျာစာသားကိုဆက်စပ်၍ကဗျာအကြောင်းအရာကို ဖော်ပြတတ်ရန်။ |
| | | (၃) ကဗျာမှပေးသောရသခံစားချက်များကိုဖော်ပြတတ်ရန်။ |
| (၅) သင်ကြားချိန် | ။ | ။ (၄၀) မိနစ် (၄) ချိန် |
| (၆) သင်ထောက်ကူ | ။ | ။ ဖြတ်ညှပ်ကပ်ပန်းချီရုပ်ပုံများ။ |
| (၇) သင်ကြားနည်း | ။ | ။ ဉာဏ်ဖွင့်စဉ်းစားခြင်း၊ အပြန်အလှန်အမေးအဖြေပြုခြင်း။ |

# ပုဂံခရီးသည်



## ကဗျာရွတ်ဆိုခြင်း

- ဆရာကအသံနေအသံထား မှန်ကန်ပီသစွာ နမူနာရွတ်ဆိုပြခြင်း။
- ဆရာကရွတ်ဆိုပြစဉ် ကလေးများက သေချာစွာ မှတ်သားနားထောင်စေခြင်း။
- ဆရာနှင့်ကလေး နှစ်ကြောင်းတစ်ပိုဒ်၊ သုံးကြောင်း တစ်ပိုဒ်စီ အလှည့်ကျရွတ်ဆိုစေခြင်း
- တစ်ပိုဒ်စီအလှည့်ကျ ရွတ်ဆိုစေခြင်း။
- တစ်ပိုဒ်စီမှ အဓိကဆိုလိုရင်းကို ထုတ်ဖော်စေခြင်း။

ရွတ်ဆိုရန်




ပုဂ**မြေ**
**စေ**တီကကြာဖူး
ထနောင်းပင် မြည်သို့**ရိပ်**မှာ
မြင်း**ချိတ်**ပါဦး။






ပုဂပြည်
သာစည်ခဲ့ ဟိုရှေး
စည်ကြီး ပန်တျာနဲ့
အာနန္ဒာ သဗ္ဗညုမှာ
သာရသံ ကြွေး။






ပုဂမှာ
မြန်မာတို့ ဉာဏ်စွမ်း။
ဗိသုကာ ပန်းချီတို့
ရှုမအီ ကြည်ညိုလှဲ့ပါ့
တို့ရဲ့ ဘုံခန်း။



ပုဂခွင်
ပန်ဆင်ခဲ့တရား။
စိတ်ဓာတ်ခိုင်ခိုင်နဲ့
နိုင်ငံကို တည်ထောင်စိုက်တယ်
သိုက်မြိုက်ခန့်ညား။

# တတ်မြောက်မှုစစ်ဆေးခြင်းလုပ်ငန်း

- ကဗျာကိုမှန်ကန်ပီသစွာရွတ်ဆိုပါ။
- ကဗျာတွင်ပါဝင်သောအသံတူစကားလုံးများကိုထုတ်နုတ်ပြပါ။
- အသံတူစကားလုံးများ၏အဆက်အစပ်အရအဓိပ္ပာယ်ပြောပြပါ။ သာဓကအားဖြင့် "ပုဂမြေ စေတီကကြာဖူး"
- သက်ဆိုင်ရာကဗျာစာသားနှင့်ရုပ်ပုံကိုဆက်စပ်၍ ကဗျာ၏အကြောင်းအရာကိုဖော်ထုတ်ပါ။
- ကဗျာရွတ်ဆိုပြီးနောက် ပုဂံ၏မြင်ကွင်းကိုမိမိစိတ်တွင်မြင်ယောင်လာမှုကိုပြောပြပါ။ မိမိစိတ်တွင်ခံစားရပုံကိုပြောပြပါ။

# ကျေးဇူးတင်ပါသည်။